စစ်ကိုင်းတိုင်း၊ ကန့်ဘလူ ပြည်သူ့လုံခြုံရေးအဖွဲ့ အချုပ်စခန်း(၂)အတွင်း
အချုပ်သူများအပေါ် ကျူးလွန်သည့် လိင်အကြမ်းဖက်မှုများအပေါ် အမျိုးသမီးအဖွဲ့အစည်းများ၏
ထုတ်ပြန်ကြေညာချက်

**နေ့စွဲ - ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့။**

အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ၊ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ)နှင့် ပြည်သူ့လုံခြုံရေးအဖွဲ့ (ပလဖ) အဖွဲ့ဝင်များမှ C2 ဟုခေါ်သည့် ကန့်ဘလူ- ပလဖ အချုပ်စခန်း (၂) ရှိ အမျိုးသမီးများအား လိင်အကြမ်းဖက်မှု ကျူးလွန်မှုနှင့် ပတ်သက်၍ သတင်းထွက်ပေါ်နေသည်မှာ ၂ နှစ်နီးပါး ကြာမြင့်နေပြီဖြစ်သည်။

သတင်းထွက်ပေါ်မှုများနှင့် ကာယကံရှင်များ၏ အမှုဖွင့်တိုင်ကြားမှုအရ လိင်အကြမ်းဖက်မှုမှာ တစ်မှုထက်ပို၍ ဖြစ်ပွားနေသည်။ အချို့အမှုမှာ မျက်မြင်သက်သေများနှင့်အတူ အဆင့်ဆင့် တိုင်ကြားမှုများရှိခဲ့သည်။ သို့သော် သတင်းစတင်ထွက်ပေါ်ချိန်မှစ၍ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ (၂) ကြိမ်တိုင် စစ်ဆေးဖြေရှင်းမှုပြုလုပ်ခဲ့ပြီးသော်လည်း သံသယရှိသူများကို ပုံမှန်ရာထူးများအောက်တွင်ပင် စစ်ဆေးမှုပြုလုပ်ခဲ့ခြင်း၊ ရလဒ်နှင့် ပတ်သက်၍ တိုင်ကြားတင်ပြသူများပင် မသိရခြင်း၊ မည်သည့်အရေးယူဆောင်ရွက်မှု တစုံတရာမျှ ထွက်ပေါ်လာခြင်း မရှိခဲ့ပေ။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့တွင် NUG မှပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီး ဦးလွင်ကိုလတ်မှလည်း ကန့်ဘလူ အချုပ်ခန်းအတွင်း လိင်အကြမ်းဖက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ အချို့အမှုမှာ ကာယကံရှင်တွေကိုယ်တိုင် ကြေအေးသွားသည်ဆိုသည့် အစီရင်ခံစာ တက်လာမှုများရှိကြောင်း ပြောကြားခဲ့သည်။

၂၀၂၅ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင်လည်း ကာယကံရှင် အမျိုးသမီး (၂) ဦးကိုယ်တိုင် အမှုဖွင့် တိုင်ကြားထားသော်လည်း ယနေ့အချိန်အထိ သံသယရှိသူများဖြစ်သည့် NUG ဝန်ထမ်းများအား ဖမ်းဆီးစစ်ဆေးသည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်ရန် ပြည်ထဲရေးဝန်ကြီး၏ ခွင့်ပြုချက်ကို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည့်အခြေအနေသည် အမျိုးသမီးများ အကြမ်းဖက်မှုကို အဆုံးသတ်မည်ဟု ကြွေးကြော်နေသည့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)

အတွက် အကျည်းတန်သည့် အခြေအနေဖြစ်သည်။ ဤကဲ့သို့ အခြေအနေများသည် ကျူးလွန်သူများအား ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပေးနေခြင်းပင်ဖြစ်၍ ထိုလုပ်ရပ်အပေါ် မိမိတို့ အမျိုးသမီးအဖွဲ့အစည်းများအနေဖြင့် ပြင်းထန်စွာ ရှုတ်ချပါသည်။ ထို့ကြောင့် ကာယကံရှင်များ၏ လက်ရှိ အမှုဖွင့်တိုင်ကြားချက်များကို အမြန်ဆုံး အရေးယူဆောင်ရွက်ရန်နှင့် ယခင် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ယူခဲ့သည့် စစ်ဆေးရေးလုပ်ငန်းစဉ်များ အားလုံးကို အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ ပြန်လည်တာဝန်ခံ ဖြေရှင်းပေးရန် မိမိတို့မှ လေးနက်စွာတောင်းဆိုသည်။

အာဏာရှင်နှင့် စစ်အာဏာရှင်ကို တော်လှန်ပြီး ငြိမ်းချမ်းမှု၊ တရားမျှတမှုရှိသော လူမှုအသိုင်းအဝိုင်း တစ်ရပ်ကို တည်ထောင်ရန် ကြိုးပမ်းနေသည့် အမျိုးသားညီညွတ်ရေး အစိုးရအနေဖြင့် ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့် ပေးနေသည့် အလေ့အထ (System of Impunity) ကို ကျင့်သုံးနေခြင်းသည် မိမိတို့ဖော်ဆောင်လိုသည့် အနာဂတ်အတွက် ခြိမ်းခြောက် အကန့်အသတ်ဖြစ်စေသည့်အပြင် အရပ်သားပြည်သူအကာအကွယ်ပေးရေးကို မျက်ကွယ်ပြုရာမြောက်သည်။ အမျိုးသား ညီညွတ်ရေးအစိုးရအနေဖြင့် System of Impunity ကျင့်သုံးနေမှုများကို ချက်ချင်းရပ်တန့်ရန် အထူးကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ကြောင့် ကန့်ဘလူစခန်းတွင် ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အလားတူ အမှုကိစ္စများကို ကျူးလွန်သည့် ကျူးလွန်သူများအား ထိရောက်စွာအပြစ်ပေးအရေးယူရန်နှင့် နစ်နာသူ အမျိုးသမီး၊ မိန်းကလေး ငယ်များအတွက် အမှန်တရား၊ တရားမျှတမှု အမြန်ဖော်ဆောင်ပေးရန် မိမိတို့ အမျိုးသမီးအဖွဲ့အစည်းများ အနေဖြင့် အမျိုးသားညီညွတ်ရေးအစိုးရအား လေးနက်စွာတိုက်တွန်းအပ်ပါသည်။ ထို့အပြင် တော်လှန်ရေးအစိုးရ အနေဖြင့် အစိုးရဌာနအသီးသီး၌ အလားတူ လိင်ပိုင်းဆိုင်ရာအကြမ်းမှုများ ဆက်လက်မဖြစ်ပွားရန်နှင့် ကြိုတင် တားဆီးရန်အတွက် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ရန်နှင့် အမျိုးသမီးငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာမူဘောင်ကို အမြန်ဆုံး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်း သည်။

ပြည်သူ့စစ်သားဇနီးများ
အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
Gender Equality Network - GEN
Politic for Women Myanmar
Sisters to Sisters
Women Alliance Burma - WAB
Women Peace Network - WPN
Women Advocacy Coalition – Myanmar – WAC